## ဒီနေ့အတွက် သိကောင်းစရာ (၃၂)
## (၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၂၄)

### ကလေးငယ်များရဲ့ အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး ဂရုပြုရမယ့်အချက်တွေက ဘာတွေလဲ?

**ကလေးငယ်တွေမှာ အသက်အရွယ်အလိုက် အောက်ပါလက္ခဏာတွေ တွေ့ရှိရမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှု (Developmental Milestones) သိသာစွာနောက်ကျတာ ဖြစ်နိုင်ပါတယ်–**

- **အသက်(၁)လမှ(၃)လ** – မိခင်မျက်နှာ (သို့မဟုတ်) အရာဝတ္ထုကို လိုက်၍မကြည့်ခြင်း၊ အသံပေးသော်လည်း အပြုအမူ မပြောင်းလဲခြင်း၊ မြူလျှင်ပြုံး မပြတတ်ခြင်း၊ အရမ်းတောင့်ခြင်း (သို့မဟုတ်) ပျော့ခြင်း။
- **အသက်(၆)လ** – လက်သီးကိုအမြဲဆုပ်ထားခြင်း၊ အရုပ်တစ်ခုခုကိုမကိုင်နိုင်ခြင်း၊ ခေါင်းမခိုင်ခြင်း။
- **အသက်(၉)လ** – အမှီအတွယ်နှင့်ပင် မထိုင်နိုင်ခြင်း (လက်ထောက်၍ပင် မထိုင်နိုင်ခြင်း)၊ မရယ်မောတတ်ခြင်း။
- **အသက်(၁)နှစ်** – မတ်တပ်ရပ် မစမ်းခြင်း။
- **အသက်(၂)နှစ်** – ဖေဖေ၊ မေမေ မခေါ်တတ်ခြင်း၊ လမ်းကောင်းစွာ မလျှောက်နိုင်ခြင်း။
- **အသက်(၃)နှစ်** – မပြေးနိုင်ခြင်း၊မကြာခဏလဲကျခြင်း၊ဝါကျအတိုများမပြောနိုင်ခြင်း၊ မျက်လုံးချင်းဆိုင် မကြည့်ခြင်း။
- **အသက်(၄)နှစ်** – စကားပြောသော်လည်းအခက်အခဲများစွာဖြင့်ပြောရသောကြောင့် အခြားသူများနားမလည်ခြင်း၊အခြားကလေးများနှင့်မကစားဘဲ တစ်ဦးတည်း သီးသန့်နေခြင်း။
- **မည်သည့်အသက်အရွယ်မဆို** – ယခင်ရှိပြီးတတ်ပြီးသား လေးဖွံ့ဖြိုးတိုးတက်မှုများပျောက်ဆုံး သွားခြင်း၊ ဆုတ်ယုတ်လာခြင်း၊ ယခင်ပြောတတ်ပြီးသားစကား များ ပြန်ပျောက်သွားခြင်း။

**အသက်အရွယ်အလိုက် ဖော်ပြပါလက္ခဏာများအနက် တစ်ခုခုတွေ့ရှိပါက –**
**ဖွံ့ဖြိုးတိုးတက်မှု သိသာစွာနောက်ကျခြင်း (သို့မဟုတ်) ရောဂါတစ်ခုခုရှိနေနိုင်သောကြောင့်**
**နီးစပ်ရာ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ သွားရောက်ပြသရပါမယ်။**


ခေါင်းခိုင်ခြင်း


လေးဘက်ထောက်ခြင်း


ထိုင်ခြင်း


မတ်တပ်ရပ်စမ်းခြင်း

ရည်ညွှန်းကိုးကား– MoHS. Integrated Management of Newborn and Childhood Illnesses (IMNCI) Training Manual (August 2018).